# **DS-160** နှင့် ပတ်သက်၍ မေးလေ့မေးထရှိသော မေးခွန်းများ

၁။ နိုင်ငံကူးလက်မှတ်ထဲရှိ ကျွန်ုပ်၏အမည်သည် ကျွန်ုပ်ပုံမှန်သုံးနေကျအမည်နှင့် မတူခဲ့သော် မည်ကဲ့သို့လုပ်ရမည်နည်း ?
- DS-160 လျှောက်လွှာတွင်ဖြည့်သွင်းထားသော သင်၏အမည်သည် နိုင်ငံကူးလက်မှတ်ထဲတွင်ရှိသောအမည်အတိုင်းဖြစ်ရပါမည်။ အကယ်၍သင်၏နိုင်ငံကူးလက်မှတ်ထဲရှိ အမည်မမှန်ကန်ပါက အမေရိကန်ဗီဇာမလျှောက်မီ အမည်အမှန်ကိုပြင်ဆင်ပြီးမှလျှောက်ရပါမည်။

၂။ မြန်မာနိုင်ငံသားများတွင် မိဘမျိုးရိုးအမည်မရှိပါ။ DS-160 လျှောက်လွှာတွင် ကျွန်ုပ်၏အမည်ကို မည်ကဲ့သို့ဖြည့်ရမည်နည်း ။
- ဥပမာ HLA HLA KYI
- ⇨ HLA HLA ကို ပထမအမည်အနေဖြင့်ဖြည့်ရန်
- ⇨ KYI ကို နောက်ဆုံးအမည် (မိဘမျိုးရိုးအမည်) အနေဖြင့်ဖြည့်ရန်

- ဥပမာ MIN MIN SOE
- ⇨ MIN MIN ကို ပထမအမည်အနေဖြင့်ဖြည့်ရန်
- ⇨ SOE ကို နောက်ဆုံးအမည် (မိဘမျိုးရိုးအမည်) အနေဖြင့်ဖြည့်ရန်

၃။ လေးစားသမှုအနေဖြင့် အမည်ရှေ့တွင် "U" နှင့် "DAW" ပါရှိခဲ့ပါလျှင် ?
- ဥပမာ U MYINT OO
- ⇨ U MYINT ကို ပထမအမည်အနေဖြင့်ဖြည့်ရန်
- ⇨ OO ကို နောက်ဆုံးအမည် (မိဘမျိုးရိုးအမည်) အနေဖြင့်ဖြည့်ရန်

- ဥပမာ DAW HLA HLA KYI
- ⇨ DAW HLA HLA ကို ပထမအမည်အနေဖြင့်ဖြည့်ရန်
- ⇨ KYI ကို နောက်ဆုံးအမည် (မိဘမျိုးရိုးအမည်) အနေဖြင့်ဖြည့်ရန်

၄။ အကယ်၍ အမည်တလုံးတည်းရှိခဲ့ပါလျှင် မည်ကဲ့သို့ဖြည့်ရမည်နည်း ?
- ဥပမာ ZARNI
- ⇨ "FNU" (FIRST NAME UNKNOWN) ကို ပထမအမည်အနေဖြင့်ဖြည့်ရန်
- ⇨ ZARNI ကို နောက်ဆုံးအမည် (မိဘမျိုးရိုးအမည်) အနေဖြင့်ဖြည့်ရန်

၅။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဂုဏ်ဝိသေသဘွဲ့များနှင့် ၄င်း၏နောက်တွင် အစက် (PERIOD) ပါခဲ့ပါလျှင် မည်ကဲ့သို့ဖြည့်ရမည်နည်း ?

- ဥပမာ DR. WIN MIN AUNG
- ⇨ DR WIN MIN ကို ပထမအမည်အနေဖြင့်ဖြည့်ရန် (အစက် PERIOD ကိုဖြည့်ရန် မလိုပါ)
- ⇨ AUNG ကို နောက်ဆုံးအမည် (မိဘမျိုးရိုးအမည်) အနေဖြင့်ဖြည့်ရန်

၆။ DS-160 လျှောက်လွှာတွင် အမည်အပြည့်အစုံကို မိမိ၏ဘာသာစကားဖြင့် ဖြည့်ရန်ညွှန်ကြားထား၏။ ကျွန်ုပ်၏အမည်ကို မြန်မာလိုဖြည့်ရပါမည်လား ?
- မလိုအပ်ပါ။ မြန်မာစာသားများသည် ကွန်ပျူတာတိုင်းတွင်မရှိပါ။ သို့ဖြစ်ပါ၍ယင်းအကွက်ကို မဖြည့်ဘဲ "DOES NOT APPLY" ဟုရေးထားသော ညာဘက်တွင်ရှိသော အကွက်ကလေးကိုရွေးလိုက်ပါ။

၇။ အခြားနိုင်ငံများတွင် အခြေမစိုက်ပြည်ဝင်ခွင့်လျှောက်ထားသူများသည် လျှောက်လွှာ DS-160 နှင့်အတူ ဓါတ်ပုံကိုထည့်သွင်း (UPLOAD) ရသည်။ မြန်မာနိုင်ငံတွင် အထက်ဖေါ်ပြပါအချက်ပြုရမည်လား ?
- လိုအပ်ပါသည်။ ယခုအခြေမစိုက်ဗီဇာလျှောက်ထားသူများသည် DS-160 အင်တာနက်လျှောက်လွှာ ဖြည့်ရာတွင် အင်တာနက်လိုင်းပေါ်သို့ မိမိတို့၏ ဓာတ်ပုံကိုတပါတည်း တွဲတင်ပေးရန်လိုအပ်ပါသည်။ ဗီဇာလျှောက်ထားသူများသည် ညွှန်းကြားချက်နှင့်ကိုက်ညီသောပါတ်စပို့ဓာတ်ပုံတစ်ပုံကိုပါ DS-160 CONFIRMATION SHEET ၊ ADDITIONAL FORM၊ သက်တမ်းအပြည့်ရှိသော နိုင်ငံကူးလက်မှတ်တို့နှင့်အတူ အင်တာဗျူးနေ့တွင် တင်ပေးရန်လိုအပ်ပါသည်။

၈။ အဘယ့်ကြောင့် ဖြည့်ပြီးသား DS-160 လျှောက်လွှာကို သံရုံးသို့ မတင်ပြရပါသနည်း ?
- DS-160 ကိုပြည့်စုံစွာဖြည့်ပြီးပါက "CONFIRMATION" စာမျက်နှာကိုသာ သံရုံးသို့တင်ပြရန် လိုအပ်ပါသည်။ လျှောက်လွှာပြည့်စုံစွာဖြည့်ပြီးပါက ကွန်ပျူတာမှ အလိုအလျောက်သံရုံး၏စက်ထဲသို့ ပို့ပေးပါသဖြင့် ဖြည့်ပြီးသား DS-160 လျှောက်လွှာကို တင်ပြရန်မလိုအပ်ပါ။

၉။ ကျွန်ုပ်၏ နိုင်ငံကူးလက်မှတ်နံပါတ်ကိုဖြည့်သွင်းသည့်အခါ၌ ကွက်လပ်များ(spaces)နှင့် မျဉ်းကြောင်းများ (dashes) ဖြင့်ဖြည့်ရပါမည်လား ?
- မဖြည့်ရပါ။ နိုင်ငံကူးလက်မှတ်နံပါတ်ဖြည့်ရာတွင် စာလုံးတလုံးနှင့်တလုံးကြားကွက်လပ် (သို့မဟုတ်) မျဉ်းကြောင်းများ မဖြည့်ရပါ။ အကယ်၍ မိမိ၏ နိုင်ငံကူးလက်မှတ်တွင် ကွက်လပ်(space)နှင့် မျဉ်းကြောင်း (dash) ပါခဲ့ပါလျှင်လည်း မဖြည့်ရပါ။

ဥပမာ– သင်၏နိုင်ငံကူးလက်မှတ်နံပါတ်မှာ အောက်ပါအတိုင်းဖြစ်ခဲ့ပါလျှင် A - 123456 စာလုံးတလုံးနှင့်တလုံးကြားကွက်လပ်(သို့မဟုတ်)မျဉ်းကြောင်းများမပါဘဲ စာနှင့်ဂဏန်းများအားလုံးကို အောက်ပါအတိုင်း ဆက်တိုက် ဖြည့်ရပါမည်။ A123456

၁၀။ DS-160 လျှောက်လွှာဖြည့်နေစဉ်အတွင်း ခဏဆိုင်းထားလိုလျှင် မည်ကဲ့သို့ဖြစ်မည်နည်း။
DS-160 လျှောက်လွှာဖြည့်နေစဉ်အတွင်း အချိန်အနည်းငယ် ကြန့်ကြာသွားပါက လျှောက်လွှာသည် အလိုအလျှောက် ပျောက်သွားပါလိမ့်မည်။ ဤကဲ့သို့ပြုလုပ်ထားခြင်းမှာ သင်၏သတင်းအချက်အလက်များလုံခြုံရေးအတွက်ဖြစ်ပါသည်။ အကယ်၍ သတ်မှတ်ထားသောလျှောက်လွှာဖြည့်ချိန်ကျော်လွန်သွား ပါက သင်ဖြည့်ထားသော အချက်အလက်များအားလုံးပျောက်သွားပါလိမ့်မည်။ ဤကဲ့သို့မဖြစ်စေရန် လျှောက်လွှာဖြည့်နေစဉ်အတွင်း "SAVE" (သိမ်းဆည်းထားခြင်း) လုပ်ထားရပါမည်။ လျှောက်လွှာကို "SAVE" လုပ်ရန်အတွက် လျှောက်လွှာပုံစံ၏အောက်ခြေအလယ်ရှိ "SAVE" ခလုတ်ကိုနှိပ်ရပါမည်။ ဤ "SAVE"ခလုတ်ကိုနှိပ်ခြင်းအားဖြင့် သင်၏လျှောက်လွှာကို ယာယီသိမ်းဆည်းထားပါလိမ့်မည်။ အကယ်၍ အပြီးသိမ်းဆည်းလိုပါလျှင် "SAVE APPLICATION TO FILE "ခလုတ်ကို ပထမနှိပ်၍ မိမိသိမ်းဆည်းလိုသောနေရာ "FILE DOWNLOAD WINDOW" ရှိ "SAVE" ခလုတ်ကိုနှိပ်ရပါ မည်။ မိမိ၏ COMPUTER ထဲရှိမည်သည့်နေရာတွင် သိမ်းဆည်းမည်ကိုရွေးချယ်၍ ရှာဖွေပြီး "SAVE AS WINDOW" ရှိ "SAVE" ခလုတ်ကိုနှိပ်ရပါမည်။ ထိုအခါ စက်မှ အင်တာနက်ထဲရှိသင်၏လျှောက်လွှာသည်သင်၏ COMPUTER ရှိရွေးချယ်ထားသောနေရာတွင် ဝင်သွားပါလိမ့်မည်။ "DOWNLOAD" ပြီးသွားပါက "SAVE" ကိုနှိပ်ပြီး မူလလျှောက်လွှာသို့ပြန် သွားနိုင်ပါသည်။ ထိုအခါ "GETTING STARTED" မျက်နှာရှိ "UPLOAD PREVIOUS APPLICATION" OPTION ထဲမှ မိမိဖြည့်ပြီးသားလျှောက်လွှာကို သုံးနိုင်ပါသည်။

၁၁။ မိမိ၏လျှောက်လွှာကို မတင်မီ သိမ်းဆည်း "SAVE" ရန် လိုပါသလား။
လိုပါသည်။ မိမိ၏လျှောက်လွှာကို မတင်မီ "HARD DRIVE" သို့မဟုတ် CD တွင် သိမ်းဆည်း "SAVE" နိုင်ပါသည်။ ဤကဲ့သို့ လျှောက်လွှာကို "SAVE" လုပ်ထားခြင်းဖြင့် အကျိုးနှစ်ရပ်ဖြစ်ထွန်းနိုင် ပါသည်။ ပထမအချက်အနေဖြင့် အကယ်၍သင်၏လျှောက်လွှာမှာမပြည့်စုံပါ၍ သံရုံးမှပယ်ခဲ့ပါလျှင်၊ဥပမာ– သင်၏လျှောက်လွှာတွင် လွဲမှားသောအဖြေ သို့မဟုတ် အရေးကြီးသည့်မေးခွန်းများကို မဖြည့်ခဲ့ပါလျှင်၊ မိမိ "SAVE" လုပ်ထားသောလျှောက်လွှာကို ပြန်ဖွင့်၍ မှန်ကန်သောအဖြေများကို ပြင်ဆင်ဖြည့်စွက်ခြင်းအားဖြင့်လျှောက်လွှာအသစ်ဖွင့်၍ ပြန်ဖြည့်စရာမလိုတော့ပါ။ ဒုတိယအချက်အနေဖြင့် သင်သည်ဗီဇာမကြာခဏလျှောက်သောသူဖြစ်ပါက မိမိ "SAVE" လုပ်ထားသည့်လျှောက်လွှာကို ပြန်ဖွင့်၍ မိမိ၏လက်ရှိအကြောင်းအရာများကို "UPDATE" ဖြည့်စွက်ပြီး နောက်တကြိမ်ဗီဇာလျှောက်ရာတွင် အသုံးပြုနိုင်ပါ သည်။ မိမိနောက်ဆုံးဖြည့်ခဲ့သောအချက်အလက်များသည် ပြောင်းလဲမှုမရှိပါက လျှောက်လွှာကို အစမှပြန်ဖြည့်ရန်မလိုတော့သည့်အတွက် ဤဒုတိယအချက်သည် သင့်အချိန်ကိုသက်သာစေပါသည်။

၁၂။ ကျွန်ုပ်၏လျှောက်လွှာကို မည်ကဲ့သို့ သိမ်းဆည်း "SAVE" ရမည်နည်း။
လျှောက်လွှာကို "SAVE" လုပ်ရန်အတွက် လျှောက်လွှာပုံစံ၏ အောက်ခြေအလယ်ရှိ "SAVE" ခလုတ်ကိုနှိပ်ရပါမည်။ ဤ "SAVE"ခလုတ်ကိုနှိပ်ခြင်းအားဖြင့် သင်၏လျှောက်လွှာကို ယာယီသိမ်းဆည်းထားပါလိမ့်မည်။ အကယ်၍ အပြီးသိမ်းဆည်းလိုပါလျှင် "SAVE APPLICATION TO FILE "ခလုတ်ကို ပထမနှိပ်၍ မိမိသိမ်းဆည်းလို သောနေရာ "FILE DOWNLOAD WINDOW" ရှိ "SAVE" ခလုတ်ကိုနှိပ်ရပါမည်။ မိမိ၏ COMPUTER ထဲရှိမည်သည့်နေရာတွင် သိမ်းဆည်းမည်ကိုရွေးချယ်၍ရှာ

ဖွင့်ပြီး "SAVE AS WINDOW" ရှိ "SAVE" ခလုတ်ကိုနှိပ်ရပါမည်။ ထိုအခါ စက်မှ အင်တာနက်ထဲရှိ သင်၏လျှောက်လွှာကို သင်၏ COMPUTER ရှိရွေးချယ်ထားသော နေရာသို့ဝင်သွားပါလိမ့်မည်။ "DOWNLOAD" ပြီးသွားပါက "SAVE" ကိုနှိပ်ပြီး မူလလျှောက်လွှာသို့ပြန်သွားနိုင်ပါသည်။ ထိုအခါ "GETTING STARTED" မျက်နှာရှိ "UPLOAD PREVIOUS APPLICATION" OPTION ထဲမှမိမိဖြည့်ပြီးသားလျှောက်လွှာကိုသုံးနိုင်ပါသည်။

၁၃။ ဗီဇာလျှောက်ထားသူကိုယ်စား အခြားသူတစ်ယောက်က ဖြည့်နိုင်ပါသလား။
ဖြည့်နိုင်ပါသည်။ အမေရိကန်ဗီဇာဥပဒေအရ ဗီဇာလျှောက်ထားသူသည် လျှောက်လွှာ၏အဆုံးရှိ "SIGN APPLICATION" ခလုတ်ကိုနှိပ်ခြင်းအားဖြင့် မိမိလျှောက်လွှာကို ကိုယ်တိုင်လက်မှတ်ရေးထိုးကာ တင်ရပါမည်။ (စည်းမျဉ်းမှကင်းလွတ်ခွင့်ပေးထားပါက လက်မှတ်ရေးထိုးရန်မလိုပါ။) လျှောက်လွှာများကိုလက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပယ်ဖျက်ခြင်းခံရပါမည်။ ဗီဇာဖြည့်သူသည် "SIGN" နှင့် "SUBMIT APPLICATION" ခလုတ်ကိုနှိပ်ခြင်းအားဖြင့် အလိုအလျှောက်လက်မှတ်ရေးထိုးသည် ဟုသက်ရောက်ပါသည်။ ဤကဲ့သို့လက်မှတ်ရေးထိုးခြင်းအားဖြင့် လျှောက်လွှာပါမေးခွန်းများကို ဖတ်ရှုနားလည်ပြီးဖြစ်ကြောင်းနှင့် သင်ဖြေဆိုထားသောအဖြေများမှန်ကန်ကြောင်းကို ဝန်ခံသည်ဟု သက်ရောက်ပါသည်။ သင်၏တင်ပြချက်တွင် မမှန်ကန်သောအကြောင်းအရာ သို့မဟုတ် မမှန်ကန်သောထွက်ဆိုချက် ပါရှိပါက အမေရိကန်ဗီဇာလျှောက်ထားခွင့်နှင့်ပြည်ဝင်ခွင့်ကို ရာသက်ပန်ပိတ်ဆို့ခြင်း ခံရပါမည်။ ဤလျှောက်လွှာတွင်ပြုလုပ်ထားသော ခံဝန်ချက်များသည် မှားယွင်းစွာ သက်သေထွက်ဆိုခဲ့ပါက ကျမ်းကျိန်ဆိုရန်မလိုသော ပြစ်ဒဏ်ပေးခြင်းခံရမည့်ခံဝန်ချက်များဖြစ်ပါသည်။